# မသန်စွမ်းသူများ အကျုံးဝင်မှုဆိုင်ရာ အညွှန်းကိန်းများ (လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ တုံ့ပြန်ဆောင်ရွက်မှုကဏ္ဍ)

| ရည်ရွယ်ချက် | လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများပေးရေး လုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်နေသူများအနေဖြင့် မသန်စွမ်းသူများ၏ အကျုံးဝင်ပါဝင်မှု အခြေအနေကို ပိုမိုထိရောက်စွာ စောင့်ကြည့်လေ့လာနိုင်ရန် လက်တွေ့ကျသော နည်းလမ်းများကို ထည့်သွင်း အသုံးပြုရန်ဖြစ်ပါသည်။ |
|---|---|

## အကျုံးဝင်ပါဝင်သည့် အညွှန်းကိန်းများကို မည်သည့်အခြေအနေနှင့် အချိန်တို့တွင် ထည့်သွင်းအသုံးပြုမည်နည်း?

မသန်စွမ်းသူများ အကျုံးဝင်မှုဆိုင်ရာ အညွှန်းကိန်းများသည် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အချက်အလက်များတွင် မသန်စွမ်းသူများ၏ အခြေအနေကို ထင်ရှားပေါ်လွင်စေပြီး လက်လမ်းမီရရှိမှု၊ ပါဝင်ဆောင်ရွက်မှုများကို စနစ်တကျ စောင့်ကြည့်လေ့လာနိုင်ပါသည်။ ထို့အပြင် သာတူညီမျှရှိမှု၊ တာဝန်ယူမှု၊ လက်လှမ်းမီမှုရှိသော ဝန်ဆောင်မှုများဖြစ်လာစေရန် တွန်းအားပေးသည့်အပြင် ကဏ္ဍအလိုက် အစုအဖွဲ့များနှင့် အလှူရှင်များထံသို့ အစီရင်ခံရာတွင် ပိုမိုစနစ်ကျစေပါသည်။ ပူးပေါင်းဆောင်ရွက်မှုနှင့် ဆုံးဖြတ်ချက်ချမှတ်သည့် ကဏ္ဍရပ်များတွင် မသန်စွမ်းအဖွဲ့အစည်းများ၏ ပါဝင်မှုကိုလည်း အားကောင်းစေပါသည်။

ဤအညွှန်းကိန်းများကို ထည့်သွင်းစဉ်းစားခြင်းဖြင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ တုံ့ပြန်ဆောင်ရွက်မှုများသည် သီးခြားစီလုပ်ဆောင်နေသည့် စီမံကိန်းများအဆင့်မှသည် "မည်သူတစ်ဦးတစ်ယောက်မျှ မကျန်ရစ်စေရ" ဟူသော မဟာဗျူဟာမြောက်လုပ်ငန်းစဉ်များဆီသို့ တက်လှမ်းနိုင်မည် ဖြစ်သည်။"

ထပ်မံလေ့လာလိုပါက - "လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ တုံ့ပြန်ဆောင်ရွက်မှုများတွင် မသန်စွမ်းသူများ ပါဝင်မှုဆိုင်ရာ IASC လမ်းညွှန်ချက်များ၊ အခန်း (၄) - ဒေတာနှင့် သတင်းအချက်အလက်စီမံခန့်ခွဲမှု" ကို ဖော်ပြပါ QR Code အား နှိပ်ပြီး ဖတ်ရှုလေ့လာနိုင်ပါသည်။

## အညွှန်းကိန်းများကို မည်ကဲ့သို့ အသုံးပြုနိုင်မည်နည်း

- မသန်စွမ်းမှုဆိုင်ရာ အညွှန်းကိန်းများကို စီမံကိန်းရေးဆွဲခြင်း၊ ကဏ္ဍအလိုက် စီမံချက်များချမှတ်ချိန် ကနဦးအဆင့်များ (ဥပမာ - စီမံကိန်းပြင်ဆင်ရေးဆွဲခြင်း၊ လူသားချင်းစာနာမှုဆိုင်ရာ တုံ့ပြန်မှု လုပ်ငန်းအစီအစဉ်များ ကဏ္ဍအလိုက် မဟာဗျူဟာများ) တွင် ထည့်သွင်းရမည်။
- မသန်စွမ်းသူများအနေဖြင့် ဝန်ဆောင်မှုများ လက်လှမ်းမီ ရနိုင်မှု၊ ပူးပေါင်းပါဝင်မှု၊ အကျိုးရလာဒ်များကို စဉ်ဆက်မပြတ်လေ့လာနိုင်ရန်အတွက် လိုအပ်ချက်များ ဆန်းစစ်ခြင်း (Assessments)၊ စောင့်ကြည့်လေ့လာခြင်းနှင့် အကဲဖြတ်ခြင်း (Monitoring & Evaluation) လုပ်ငန်းစဉ်တိုင်းတွင် ထိုအညွှန်းကိန်းများကို အသုံးပြုရမည်။
- ကျိုးကြောင်းဆီလျော်သောလုပ်ငန်းပြဇယား (Log-frames)၊ စောင့်ကြည့် လေ့လာခြင်းနှင့် အကဲဖြတ်ခြင်းဆိုင်ရာ မူဘောင်များ (M&E Frameworks) တွင် အညွှန်းကိန်းများကို ထည့်သွင်း ဖော်ပြရမည်။

- ပူးပေါင်းညှိနှိုင်းရေးအဆင့် (Cluster/ Coordination Level)တွင် မသန်စွမ်းသူများ၏ အခက်အခဲများကို ထည့်သွင်းစဉ်းစားရန်၊ လိုအပ်ချက်နှင့် ကိုက်ညီသော ကူညီပံ့ပိုးမှုများ ပေးနိုင်ရန်၊ လိုအပ်သည့် တိုက်တွန်း နှိုးဆော်မှုများ ဆောင်ရွက်နိုင်ရန် အတွက် ကဏ္ဍအလိုက် လုပ်ငန်းစီမံချက်များ (sector-wide plans)၊ ဒက်ရှ်ဘုတ်များ (Dash-boards)၊ 5Ws အစီရင်ခံစာများ၊ အခြေအနေပြ အစီရင်ခံစာများ (Situation Reports)တွင် အညွှန်းကိန်းများကို ထည့်သွင်းရမည်။

## အညွှန်းကိန်းများကို မည်ကဲ့သို့ထည့်သွင်း စဉ်းစားမည်နည်း...

ယေဘုယျအားဖြင့် အောက်ပါအချက်များကို လိုက်နာဆောင်ရွက်သင့်ပါသည်။

- အညွှန်းကိန်းများကို ရေးဆွဲရာတွင်လည်းကောင်း ၊ အတည်ပြုရာတွင်လည်းကောင်း မသန်စွမ်းအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ ပူးပေါင်းပါဝင်မှုကို ရယူပါ။

- ကျား /မ ကွဲပြားမှု၊ အသက်အရွယ် (ကလေးသူငယ်၊ လူငယ်၊ လူကြီး၊ အသက်အရွယ်ကြီးရင့်သူ)၊ မသန်စွမ်းမှု အမျိုးအစားများ (ဥပမာ - ကိုယ်အင်္ဂါ၊ အမြင်၊ အပြော/အကြား၊ ၊ ဉာဏ်ရည် စသည်ဖြင့်) အားလုံးကို ထည့်သွင်း စဉ်းစားပါ။

- စီမံကိန်း၏ ရလာဒ် (Output)၊ အကျိုးသက်ရောက်မှု (Outcome) နှင့် အကျိုးကျေးဇူး (Impact) အဆင့်တိုင်း အတွက် အညွှန်းကိန်းများကို စဉ်းစားပါ။

- ညွှန်းကိန်းများသည် ပါဝင်မှု၏ အတိုင်းအတာ (Extent) နှင့် အရည်အသွေး (Quality) နှစ်ခုလုံးကို ဖော်ပြနိုင်ရမည်။ ဆိုလိုသည်မှာ -

• မသန်စွမ်းသူများ၏ ပါဝင်မှု၊ လွှမ်းခြုံမှုနှင့် ဝန်ဆောင်မှုရရှိမှု ပမာဏကို တိုင်းတာရန်။
• ရရှိသောဝန်ဆောင်မှုများသည် မသန်စွမ်းသူများအတွက် ကိုက်ညီမှု ရှိ/ မရှိ၊ လက်လှမ်းမီမှု ရှိ/ မရှိ နှင့် ဝန်ဆောင်မှုအပေါ် စိတ်ကျေနပ်မှု ရှိ/ မရှိတို့ကို တိုင်းတာရန်။

## ထပ်ဆောင်းအကြံပြုချက်များနှင့် ဥပမာများ

### ၁။ သက်ဆိုင်ရာညွှန်းကိန်းအားလုံးကို အသက်အရွယ်၊ ကျား/မနှင့် မသန်စွမ်းမှု အမျိုးအစားအလိုက် ခွဲခြားဖော်ပြခြင်း

- အညွှန်းကိန်းများကို တိုင်းတာရန်အတွက် အနည်းဆုံး လိုအပ်ချက်မှာ အသက် (၅) နှစ်နှင့်အထက် ရှိသူများအတွက် မေးခွန်း (၆) ခုပါဝင်သော ဝါရှင်တန်အုပ်စု မေးခွန်းပုံစံ (Washington Group Questions - Short Set) ကို အသုံးပြုရန်ဖြစ်သည်။
- အချက်အလက်များကို ခွဲခြားပြုစုခြင်းဖြင့် ဝန်ဆောင်မှုများကိုရရှိသော မသန်စွမ်းသူအရေအတွက်ကို သိရှိနိုင်ရုံ သာမက၊ မသန်စွမ်းမှု အမျိုးအစား၊ အသက်အရွယ်နှင့် ကျား/ မ အလိုက် ကြုံတွေ့ရနိုင်သည့် အခက်အခဲ များ၊ အန္တရာယ်များ၊ ဦးစားပေးလိုအပ်ချက်များနှင့် လက်လှမ်းမီနိုင်မှု ကွာဟချက်များကိုပါ ခွဲခြားဖော်ထုတ် နိုင်မည် ဖြစ်သည်။

## ၂။ စီမံကိန်းအဆင့်တွင် မသန်စွမ်းသူများ ပါဝင်မှုကို ထည့်သွင်းစဉ်းစားခြင်းနှင့် လိုအပ်ချက်အလိုက် ကိုက်ညီသော ညွှန်းကိန်းများကို အသုံးပြုခြင်း

သင်၏ ကောင်အထည်ဖော်နေသည့် ကဏ္ဍနှင့် စီမံကိန်းအမျိုးအစားပေါ် မူတည်၍ အောက်ဖော်ပြပါ နမူနာညွှန်းကိန်းများကို အသုံးပြုနိုင်ပါသည် -

**ရလဒ်(Output)**

- ကမ္ဘာသုံးပုံစံ (Universal Design) စံနှုန်းများနှင့်အညီ တည်ဆောက်ထားသော (သို့မဟုတ်) ပြုပြင်မွမ်းမံထားသော ကျန်းမာရေးဌာန၊ စာသင်ခန်း၊ သန့်စင်ခန်း နှင့် အကူအညီများ ဖြန့်ဝေပေးသည့် နေရာ အရေအတွက်။
- အနည်းဆုံး ပုံစံနှစ်မျိုး (စာဖြင့်/ နှုတ်ဖြင့်)ဖြင့် ဖြန့်ဝေပေးထားသော တစ်ကိုယ်ရေ သန့်ရှင်းရေး၊ လိင်ပိုင်းဆိုင်ရာ အမြတ်ထုတ်မှုနှင့် အလွဲသုံးစားမှုမှကာကွယ်ခြင်း (PSEA)နှင့် စားနပ်ရိက္ခာဖူလုံမှုဆိုင်ရာ သတင်းအချက်အလက် အရေအတွက်။
- လူမှုအသိုက်အဝန်း၏ ခေါင်းဆောင်မှုကဏ္ဍများတွင် ပါဝင်ရန် ခန့်အပ်ခြင်းခံရသော မသန်စွမ်းအမျိုးသမီး အရေအတွက်။
- လူမှုအသိုက်အဝန်း၏ ခေါင်းဆောင်မှုကဏ္ဍများတွင် ကိုယ်စားပြုပါဝင်သော မသန်စွမ်းသူ အရေအတွက်။
- မသန်စွမ်းသူများ ပါဝင်သော လူထုအခြေပြု လိုအပ်ချက်ဆန်းစစ်မှု (Participatory Assessments) ပြုလုပ်သည့် အကြိမ်အရေအတွက်။
- မသန်စွမ်းကလေးများ အကျုံးဝင်ပါဝင်သော ဘက်စုံဖွံ့ဖြိုးရေးနည်းစနစ်များ သင်ကြားပေးထားသော ဝန်ထမ်းအရေအတွက်။
- အိမ်၊ မြေ ပိုင်ဆိုင်မှုနှင့် စပ်လျဉ်းသည့် မသန်စွမ်းသူများ၏ အခွင့်အရေးအတွက် လုပ်ကိုင်ဆောင်ရွက်ပေးနိုင်သော မသန်စွမ်းအဖွဲ့အရေအတွက်။
- ဘေးအန္တရာယ်လျှော့ချရေးနှင့် ပညာရေးလုပ်ငန်းစဉ်များတွင် ပါဝင်ဆောင်ရွက်နိုင်ရန် သင်တန်းပေးထားသည့် မသန်စွမ်းအဖွဲ့အစည်းအရေအတွက်။
- မသန်စွမ်းအကျုံးဝင်မှုဆိုင်ရာသင်တန်း ရရှိထားသော ကျား/ မ အခြေပြုအကြမ်းဖက်မှု (GBV) နှင့် ပတ်သက်ပြီး ဝန်ဆောင်မှုပေးသော ဝန်ထမ်းအရေအတွက် (သို့) ရာခိုင်နှုန်း။
- မသန်စွမ်းကလေးများ အကျုံးဝင်ပါဝင်သော စိတ်ကျန်းမာရေးနှင့် စိတ်လူမှုရေးဆိုင်ရာ ပံ့ပိုးမှု (MHPSS) နှင့် အပန်းဖြေလှုပ်ရှားမှုများ ဆောင်ရွက်ပေးနိုင်ရန် လေ့ကျင့်သင်တန်းပေးထားသည့် ဝန်ထမ်းအရေအတွက်။
- အမှီအခိုကင်းစွာ ရပ်တည်နေထိုင်နိုင်ပြီး မိမိကိုယ်တိုင် ဆုံးဖြတ်ချက်ချနိုင်ရန်အတွက် ပံ့ပိုးကူညီမှုရှိထားသော မသန်စွမ်းသူအရေအတွက်။
- မသန်စွမ်းသူများ အလွယ်တကူ လက်လှမ်းမီ နေထိုင်သွားလာနိုင်သည့် အိမ်/ နေရာ အရေအတွက်။
- မသန်စွမ်းသူများ၏ တစ်ဦးချင်းစီ၏ လိုအပ်ချက်နှင့်အညီ မွမ်းမံပြင်ဆင်ထားသော အိမ်/ နေရာ အရေအတွက်။
- အကောင်အထည်ဖော်ဆောင်ရေး မိတ်ဖက် (Implementing Partner) အဖြစ် ပူးပေါင်းပါဝင်သော မသန်စွမ်းအဖွဲ့အစည်း (OPDs) အရေအတွက်။
- လက်လှမ်းမီ အသုံးပြုနိုင်မှုဆိုင်ရာ စီစဉ်ဆောင်ရွက်ချက်များ (Accessibility measures) ပါဝင်သည့် လုပ်ငန်းဆောင်ရွက်မှု ရာခိုင်နှုန်း။
- မသန်စွမ်းသူများအတွက် အဆင်ပြေစွာ အသုံးပြုနိုင်သည့် ဝေဖန်အကြံပြုနိုင်သည့် နည်းစနစ် (feedback mechanisms) ဆောင်ရွက်ထားရှိမှု အရေအတွက်။

**အကျိုးသက်ရောက်မှု(Outcome)**

- ကျား၊ မ အခြေပြု အကြမ်းဖက်မှု (GBV) ကို ကာကွယ်တုံ့ပြန်ရန် လူထုအခြေပြု လုပ်ငန်းစဉ်များတွင် ပါဝင်သော မသန်စွမ်းအမျိုးသမီး အရေအတွက်
- ကလေးသူငယ်အခွင့်အရေးကော်မတီများနှင့် အခြားလူထုအခြေပြု ကလေးသူငယ် ကာကွယ်စောင့်ရှောက်ရေး အဖွဲ့များက စောင့်ရှောက်မှုပေးနေသော မသန်စွမ်းကလေးသူငယ်နှင့် လူငယ်အရေအတွက်။
- ဘေးအန္တရာယ်များကို ဖော်ထုတ်ဆန်းစစ်ရန် လူထုနှင့် ချိတ်ဆက်ဆောင်ရွက်သည့် လုပ်ငန်းများတွင် ပါဝင်သော မသန်စွမ်းသူ အရေအတွက်။
- လိုအပ်သော နည်းပညာပံ့ပိုးမှုအထောက်အကူပြု နည်းပညာပစ္စည်းများ အပါအဝင်၊ ကိုယ်အင်္ဂါ ပြန်လည် သန်စွမ်းရေး ဝန်ဆောင်မှုများကို ရယူနိုင်သော မသန်စွမ်းသူအရေအတွက်။
- စီမံကိန်းရေးဆွဲခြင်း သို့မဟုတ် စောင့်ကြည့်လေ့လာခြင်း အဆင့်များတွင် မသန်စွမ်းသူများအတွက် ထည့်သွင်း စဉ်းစားထားသည့် စီမံချက်ရာခိုင်နှုန်း။

**အကျိုးကျေးဇူး(Impact)**

- အခြေခံဝန်ဆောင်မှုများကို အခြားသူများနှင့် တန်းတူညီမျှစွာ ရရှိသည်ဟု ဖြေဆိုသော မသန်စွမ်းသူရာခိုင်နှုန်း။
- စီမံကိန်းအကောင်အထည်ဖော်ပြီး နောက်ပိုင်းတွင် မသန်စွမ်းသူများ ဆက်လက်အသုံးပြုနိုင်သော လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ အဆောက်အဦး/ ဝန်ဆောင်မှု ရာခိုင်နှုန်း။
- စီမံချက်အသစ်နှင့် ဆောင်ရွက်နေဆဲလုပ်ငန်းများတွင် လက်လှမ်းမီ အသုံးပြုနိုင်စေရေး စံနှုန်းများကို ပုံမှန်ကျင့်သုံးနေသော မိတ်ဖက်အဖွဲ့အစည်းရာခိုင်နှုန်း။
- အဖွဲ့၏ မူဝါဒများနှင့် အကောင်အထည်ဖော်မှု အဆင့်ဆင့်တိုင်းတွင် မသန်စွမ်းသူများ အကျုံးဝင်ပါဝင်မှုကို ထည့်သွင်းထားသော မိတ်ဖက် အဖွဲ့အစည်းအရေအတွက် (သို့) ရာခိုင်နှုန်း။
- မသန်စွမ်းမှု အကျုံးဝင်နိုင်ရေးကို ရည်ရွယ်ချက်နှင့် အညွှန်းကိန်းများ ပါဝင်သော စောင့်ကြည့် လေ့လာခြင်း မူဘောင်များ ပါဝင်သည့်စီမံကိန်းအသစ် ရာခိုင်နှုန်း။

## ၃။ လူသားချင်းစာနာထောက်ထားမှုနှင့် ဦးဆောင်ညှိနှိုင်းဆောင်ရွက်သည့် အဆင့်များတွင် မသန်စွမ်းသူများ အကျုံးဝင်ပါဝင်လာစေရန် ညွှန်းကိန်းများ ထည့်သွင်းဆောင်ရွက်ခြင်း

ဦးတည်ဆောင်ရွက်နေသော ကဏ္ဍနှင့် ပူးပေါင်းပါဝင်မှု အဆင့်ပေါ်မူတည်၍ တုံ့ပြန်ဆောင်ရွက်မှုနှင့် မဟာဗျူဟာ များ ချမှတ်ခြင်းနှင့်၊ 5Ws အချက်အလက်များ ကောက်ခံရာတွင် အသုံးပြုနိုင်သည့် နမူနာအညွှန်းကိန်းများမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

- လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ဝန်ဆောင်မှုများ ရယူရာတွင် မသန်စွမ်းသူများ ကြုံတွေ့နေရ သည့် အတားအဆီးများအား ဖြေရှင်းဆောင်ရွက်ပေးနိုင်မှု အရေအတွက်။
- မသန်စွမ်းသူများ၏ လိုအပ်ချက်နှင့် ဦးစားပေးကိစ္စရပ်များကို တိုက်ရိုက်ဖြေရှင်း ဆောင်ရွက်ပေးသော ဝန်ဆောင်မှု အရေအတွက်။

## ကဏ္ဍအလိုက် ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့(Cluster)နှင့် လုပ်ငန်းအဖွဲ့(WorkingGroup)အဆင့်

- ☑ မသန်စွမ်းသူများအတွက် လိုအပ်ချက်အလိုက် ပြင်ဆင်ထားသော ဝန်ဆောင်မှုများ လက်လှမ်းမီသည့် မသန်စွမ်းသူအရေအတွက်။
- ☑ အစည်းအဝေးများ၊ သင်တန်းများနှင့် အခမ်းအနားများတွင် တင်ပြတောင်းဆိုချက်အရ စီစဉ်ပေးရသော သင့်တော်လျောက်ပတ်သော နေရာထိုင်ခင်း စီစဉ်ပေးမှုအရေအတွက်။
- ☑ မသန်စွမ်းမှု အကျုံးဝင်မှုဆိုင်ရာ သင်တန်းရရှိထားသော ဝန်ထမ်းအရေအတွက်။
- ☑ မသန်စွမ်းအဖွဲ့အစည်း ကိုယ်စားလှယ်များမှ ကဏ္ဍအလိုက် ( ဥပမာ - ကျန်းမာရေး သို့မဟုတ် ပညာရေး) သင်တန်းတက်ရောက်ပြီးသူအရေအတွက်။
- ☑ မသန်စွမ်းသူများ လက်လှမ်းမီ အသုံးပြုနိုင်သည့် ဝေဖန်အကြံပြု တုံ့ပြန်ရေး စနစ် အရေအတွက်။
- ☑ မသန်စွမ်းသူများလက်လှမ်းမီအသုံးပြုနိုင်သည့် ပုံစံအမျိုးမျိုးဖြင့် ထုတ်ဝေထားသည့် အသိပညာပေး လက်ကမ်းစာစောင် (IEC) ပစ္စည်း အရေအတွက်။
- ☑ ကမ္ဘာသုံးပုံစံစံနှုန်းများနှင့်အညီ မသန်စွမ်းသူများ အသုံးပြုနိုင်ရန် စီစဉ်ထားသော အဆောက်အဦး (ယာယီနေထိုင်ရန်နေရာ နှင့် အခြား) သို့မဟုတ် ပစ္စည်းဖြန့်ဝေသည့်နေရာသည့် အရေအတွက်။

## လူသားချင်းစာနာမှုဆိုင်ရာ ပူးပေါင်းညှိနှိုင်းရေးအဆင့် (Humanitarian Coordin Ation Level)

- ☑ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ တုံ့ပြန်ဆောင်ရွက်သည့် လုပ်ငန်းစဉ်များတွင် မသန်စွမ်းသူများ ပါဝင်လာစေရေးဆိုင်ရာ ရည်မှန်းချက် နှင့် အညွှန်းကိန်းများ ထည့်သွင်းဆောင်ရွက်နိုင်မှု ရာခိုင်နှုန်း။
- ☑ ဝါရှင်တန်အုပ်စုမေးခွန်းပုံစံကို အသုံးပြု၍ ကဏ္ဍအလိုက် ဆန်းစစ်လေ့လာမှု ပြုလုပ်သည့် ရာခိုင်နှုန်း။
- ☑ အဖွဲ့အလိုက် သို့မဟုတ် အဖွဲ့ခွဲ( cluster and inter-cluster) များ၏ ညှိနှိုင်းအစည်းအဝေးများတွင် ပါဝင်သော မသန်စွမ်းအဖွဲ့အစည်း အရေအတွက်။
- ☑ မသန်စွမ်းမှု အကျုံးဝင်မှု ဆိုင်ရာ သင်တန်းရရှိထားသော မိတ်ဖက်အဖွဲ့အစည်းအရေအတွက်။
- ☑ အစုအဖွဲ့များ၏ 5Ws (သို့မဟုတ်) စောင့်ကြည့်လေ့လာရေး အစီရင်ခံစာများတွင် မသန်စွမ်းမှု အမျိုးအစားအလိုက် ခွဲခြားထားသော အချက်အလက်များ ပါဝင်မှုရာခိုင်နှုန်း။
- ☑ သတင်းအချက်အလက်များရယူနိုင်သော နေရာ ( Dashboards)၊ လုပ်ငန်းအခြေအနေသုံးသပ် အစီရင်ခံစာများ ( Situation reports) တွင် မသန်စွမ်းမှုကဏ္ဍကို ထည့်သွင်းဖော်ပြထားမှု အခြေအနေ။
- ☑ ကဏ္ဍအလိုက် ညှိနှိုင်းဆောင်ရွက်ရေးအဖွဲ့တွင် မသန်စွမ်းမှုဆိုင်ရာ တာဝန်ခံ (Focal Point) သို့မဟုတ် အကြံပေးပုဂ္ဂိုလ် ပါဝင်မှု ရှိ၊ မရှိ။
- ☑ မသန်စွမ်းသူများ ပါဝင်လာစေရေးအတွက် ပူးပေါင်းလုပ်ကိုင်ဆောင်ရွက်ချက်များ (သို့မဟုတ်) တိုက်တွန်းနှိုးဆော်မှု အရေအတွက်။

- ✓ လွန်ခဲ့သော (၁၂) လအတွင်း မသန်စွမ်းမှုဆိုင်ရာ သင်တန်းတက်ရောက်ထားသော မိတ်ဖက်အဖွဲ့အစည်းမှ ဝန်ထမ်းရာခိုင်နှုန်း။
- ✓ ဝါရှင်တန်အုပ်စု မေးခွန်းများကို အသုံးပြု၍ အကျိုးခံစားခွင့်ရှိသူ အားလုံး အသက်အရွယ်၊ ကျား/မ နှင့် မသန်စွမ်းမှု အမျိုးအစားအလိုက် ခွဲခြားကောက်ခံသော အစုအဖွဲ့ / မိတ်ဖက်အရေအတွက်။
- ✓ အကျုံးဝင်မှုဆိုင်ရာ တာဝန်ခံ သတ်မှတ်ထားသော အစုအဖွဲ့အရေအတွက်။
- ✓ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီရရှိသူ အရေအတွက်။ (မသန်စွမ်းမှုအမျိုးအစား၊ ကျား/ မ နှင့် အသက်အလိုက် ခွဲခြားဖော်ပြရန်)
- ✓ လိုအပ်ချက်နှင့်အညီ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အရေးပေါ်တုံ့ပြန်ချက် အစီအစဉ်အောက်တွင် အကူအညီရရှိသည့် မသန်စွမ်းရာခိုင်နှုန်း။ (၁၅ %)
- ✓ အပြည်ပြည်ဆိုင်ရာ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများနှင့် တရားဝင်မိတ်ဖက်အဖွဲ့အစည်းအဖြစ် ပူးပေါင်းဆောင်ရွက်နေသော ဒေသခံ မသန်စွမ်းအဖွဲ့အစည်းအရေအတွက်။
- ✓ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကောင်အထည်ဖော်ဆောင်ရွက်နေသော လုပ်ငန်းစဉ်များအတွက် တိုင်ပင်ဆွေးနွေးရာတွင် ပါဝင်ခဲ့သော မသန်စွမ်းသူအရေအတွက်။

## အခြားလေ့လာရန် အကိုးအကားများ


Inter-Agency Standing Committee. (2019). IASC Guidelines on the Inclusion of Persons with Disabilities in Humanitarian Action. Geneva: IASC.

The Washington Group on Disability Statistics. (n.d.). Washington Group Short Set of Questions on Functioning

International Organization for Migration (DTM). (2020). Collection of data on disability inclusion in humanitarian action: Decision tree [Tool]. Geneva: IOM.